


# ဒေါ်လာ ၁၀၀ ACTIVE KIDS ဘောက်ချာများကို တောင်းခံပါ

နယူးဆောက်သ်ဝေးလ်စ်တွင် ကျောင်းအပ်ထားသော ကလေးများအားလုံးသည် နှစ်စဉ် **ဒေါ်လာ ၁၀၀ တန်** Active Kids **ဘောက်ချာနှစ်ခု** ရပိုင်ခွင့်ရှိပါသည်။ ယင်းဘောက်ချာများကို ခွင့်ပြုချက်ရထားသော Active Kids ဝန်ဆောင်မှုပေးသည့် မည်သည့်အဖွဲ့အစည်း၌မဆို အားကစားနှင့် တက်ကြွစွာလုပ်ရသော အပန်းဖြေမှုများဆိုင်ရာ လှုပ်ရှားမှုများအတွက် စာရင်းသွင်း မှတ်ပုံတင်ရန် သို့မဟုတ် အဖွဲ့ဝင်ကြေးပေးရာတွင် အထောက်အကူပြုရန်အတွက် သုံးစွဲနိုင်ပါသည်။ **ပထမ ဘောက်ချာ၏ သက်တမ်းမှာ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ**ဖြစ်ပြီး **ဒုတိယ ဘောက်ချာ၏ သက်တမ်းမှာ ဇူလိုင်လမှ ဒီဇင်ဘာလအထိ**ဖြစ်ပါသည်။ ဇူလိုင်လ ၁ ရက်နေ့အလွန်တွင် ပထမ ဘောက်ချာကို သုံးပြီးနောက် ဒုတိယ ဘောက်ချာကို ချက်ခြင်းအသုံးပြုနိုင်ပါသည်။

## ဘောက်ချာများကို သင် တောင်းခံနိုင်ပုံ




၁ service.nsw.gov.au **ဝက်ဘ်ဆိုက်တွင်ရှိသော သင်၏** MyServiceNSW **စာရင်းထဲ ဝင်ပါ**

၂ SERVICE **ခေါင်းစည်းအောက်တွင် တွေ့ရသော** Active Kids **အမှတ်သညာကို နှိပ်ပါ**

၃ **တောင်းခံသော အချက်အလက်များကို ဖြည့်စွက်ပါ (သင်၏ လက်ရှိ မယ်ဒီကဲ ကတ်ပြားကို လိုအပ်ပါလိမ့်မည်)**

၄ **ဘောက်ချာ တစ်ခုစီကို ပုံနှိပ်ပါ သို့မဟုတ် သင့်ထံသို့ အီးမေးလ်ပို့ပါ**

စည်းမျဉ်းများ၊ သတ်မှတ်ချက်များနှင့် FAQ (မကြာခဏ မေးလေ့မေးထရှိသော မေးခွန်းများ) အတွက် sport.nsw.gov.au/activekids ၌ ကြည့်ပါ

## သင့် ဘောက်ချာများကို အသုံးပြုနိုင်ပုံ

၁ ဝန်ဆောင်မှုပေးသူကို ရှာဖွေတွေ့ရန် ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက် sport.nsw.gov.au/activekids ၌ ကြည့်ပါ

၂ သင် လှုပ်ရှားမှုတစ်ခုကို ရွေးချယ်ပြီးနောက် ဘောက်ချာနံပါတ်ကို ဝန်ဆောင်မှုပေးသူအား ပေးလိုက်ပါ သို့မဟုတ် ဝန်ဆောင်မှုပေးသူ၏ ဝက်ဘ်ဆိုက်တွင်ဝင်ပြီး ဘောက်ချာနံပါတ်ကို ရေးသွင်းပါ

ACTIVE KIDS

*ဘောက်ချာများကို သင်၏ MyServiceNSW စာရင်းရှိ My Applications ခေါင်းစည်းအောက်တွင် အမြဲတွေ့နိုင်ပါသည်